နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

# ၂၀၁၉ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**မြန်မာစာ** ခွင့်ပြုချိန် (၃)နာရီ

**မေးခွန်းအားလုံးကိုဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကို ဖော်ပြပါ။ (၅ မှတ်)
ပါဠိဆင့်၊ နှာခေါင်းဌာန်-လျှာခင်ကရိုဏ်း၊ အက္ခရာ ဏ ပြောင်းလဲပုံ။

(ခ) ပေးထားသော နာမ်ဝိဘတ်များမှ **ငါးခု**ကို ဝါကျတွင်သုံးပြပါ။ ထို့နောက် မည်သည့် နာမ်ဝိဘတ်အဖြစ် အသုံးပြုထားကြောင်းကိုလည်း ဖော်ပြပါ။ (၁၀ မှတ်)
က၊ ဖြင့်၊ တွင်၊ နှင့်၊ တိုင်အောင်၊ အလိုက်၊ ၏။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု** ၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅ မှတ်)
လျှော်တေ၊ ဓမ္မဓိဋ္ဌာန်၊ မြှူးထူး၊ သရစ်၊ ကျိုင်း၊ အိုးစား၊ သိမ်ဖျင်း။

(ခ) အောက်ပါ စကားလုံးအတွဲများမှ စာလုံးပေါင်း အမှန်ကို ရွေးချယ်ပါ။ (၅ မှတ်)
နပုလ္လိင်-နပုလိင်၊ ပြာသာဒ် - ပြသာဒ်၊ ဝိသေသျ - ဝိသေသျှ၊ ဌာပနာ - ဋ္ဌာပနာ၊ မျက်တစ်ခတ်-မျက်တစ်ခပ်။

(ဂ) အောက်ပါတို့အနက် **ငါးခု**ကို အလင်္ကာ ငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့ အသုံးပြုထားသည့်အတွက် ဤအလင်္ကာ မြောက်ကြောင်းကိုလည်း ရှင်းပြပါ။ (၁၀ မှတ်)
ဆောင်းစက်ရိပ်ခို၊ ဆံထုံးတော်ကြီး တမာသီး၊ ဖုန်းဖုန်းမြေသို့ကျ၊ မေခင့်လည်ဆွဲ၊ ရန်မီး၊ အနှစ်၇၀၀လောက် ပုပ်သွားသကဲ့သို့၊ မာန်စွယ်။

၃။ (က) အောက်ပါတို့မှ **ငါးခု**ကို ဖြေဆိုပါ။ (၅ မှတ်)
(၁) ကာချင်း ဟူသည်မှာ အဘယ်နည်း။
(၂) အဘယ့်ကြောင့် ဟတ္ထိပါလပျို့ဟု ခေါ်ကြသနည်း။
(၃) ဘုန်းနှင့်ကံနှင့် ရွှေသဇင်ကဗျာကို မည်သည့်ခေတ်တွင် ရေးသားခဲ့သနည်း။
(၄) တပေါင်းညာကျင် ကဗျာကို မည်သည့်စာအုပ်မှ ထုတ်နုတ်ထားသနည်း။
(၅) အချုပ်တန်းဆရာဖေ၏ မိခင်မျိုးရိုးကို ဖော်ပြပါ။
(၆) စာဆို ငွေတာရီ၏ ခင်ပွန်းအမည်ကို ဖော်ပြပါ။
(၇) "အသက်သက်များ၊ စတေးထား၍၊ ဘိုးဘွားပေးဝေ၊ ချစ်အမွေတည့်"၏ ဆိုလိုရင်းကို ဖော်ပြပါ။

(ခ) ရွှေနှင့်ယိုးမှား ပန်းစံကား ကဗျာမှ ရရှိသော ရသခံစားချက်ကို ဖော်ထုတ် တင်ပြပါ။ (၁၀ မှတ်)
(သို့မဟုတ်)
လေးမောင့်စံကျောင်း ကဗျာတွင် တွေ့ရသော ကျောင်းသင်္ခမ်း၏ ပုံသဏ္ဌာန်ကို လေ့လာတင်ပြပါ။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ **ငါးခု**ကို ဖြေဆိုပါ။ (၅ မှတ်)

(၁) မိဖုရားဖွားစောသည် နွားကို မည်သည့်ရည်ရွယ်ချက်ဖြင့် လှူဒါန်းခဲ့သနည်း။

(၂) ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းသည် မည်သည့်ဘာသာမှ မည်သည့်ဘာသာသို့ ပြန်ဆိုထားသော ကျမ်းဖြစ်သနည်း။

(၃) ဦးပေါင်းကျားနှင့် မြင်းကျားရှင်သည် မည်သူဖြစ်သနည်း။

(၄) သိပ္ပံမောင်ဝက လယ်တီပဏ္ဍိတဦးမောင်ကြီးကို မည်သူနှင့် နှိုင်းခဲ့သနည်း။

(၅) အမျိုးသားနေ့ စကားပြေကို မည်သည့် မဂ္ဂဇင်းမှ ထုတ်နုတ်ထားသနည်း။

(၆) တိုင်းပြည်နှင့် လူထုကို ကြီးပွားစေချင်လျှင် မည်သည်ကို များများရေးရမည်ဟု ဆရာကြီး ဦးဖေမောင်တင်က ဆိုသနည်း။

(၇) မြန်မာစာမိတ်ဖွဲ့၌ တိုက်စိုး ရေးသားခဲ့သော ဆောင်းပါးအမည်ကို ဖော်ပြပါ။

(ခ) အိမ်ရှေ့ကိုယ်တော်ကြီး စကားပြေတွင် ကနောင်မင်းသား၏ စွမ်းရည်ကို မည်သို့ တင်ပြထားသနည်း။ (၁၀ မှတ်)

(သို့မဟုတ်)

မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း စကားပြေမှ ရရှိသော သင်ခန်းစာများကို ဆွေးနွေးတင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅ မှတ်)

" အောက်ပြည်နရက်၊ သည်ကတက်၍၊ ဘဝဂ်တိုင်အောင်၊ တဏှာလောဘ၊ ကျယ်ပြောလှတဲ့၊ ဘဝဘောင်ကို၊ ပုပ်ဟောင်နံညှီ၊ နှလုံးနောက်လို့၊ ကြောက်လှပြီ"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကို ဖြေဆိုပါ။ (၁၀ မှတ်)

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့၏ ပြောစကားများမှ တွေ့ရသော ဇာတ်ဆောင်စရိုက်များ

(၂) ရေသည်ပြဇာတ်မှ ရရှိသော သင်ခန်းစာကောင်းများ

၆။ (က) အောက်ပါတို့အနက် **တစ်ခု**ကိုပေးထားသောအချက်အလက်များနှင့်အညီစာစီကုံးပါ။ (၁၀ မှတ်)

(၁) **"လပြည့်ည၏ အလှ"**

-ထိုနေ့သည်လပြည့်ည တစ်ည ဖြစ်ပုံ၊ ကောင်းကင်မှ လပြည့်ဝန်း၏ သဏ္ဌာန်၊ ထိုညတွင် မြင်တွေ့ရသော သဘာဝမြင်ကွင်းအလှများ၊ လှုပ်ရှားနေကြသော သတ္တလောက မြင်ကွင်းအလှများ၊ ထိုမြင်ကွင်းကို မြင်တွေ့ရသော ခံစားချက်။

(၂) **"ခွဲခွာရသည့်နေ့တစ်နေ့"**

-စာမေးပွဲနောက်ဆုံးနေ့ ဖြစ်ပုံ၊ စာမေးပွဲ ဖြေဆိုအပြီး ဖြစ်ပေါ်လာသော မိမိ၏ ခံစားချက်၊ သူငယ်ချင်းများနှင့် ခွဲခွာခါနီး ဖြစ်ပေါ်လာသော ခံစားချက်၊ သူငယ်ချင်းများ နှင့်အတူ လျှောက်လည်ကြပုံ၊ အိမ်အပြန် နှုတ်ဆက်ကြပုံ။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု** ကို ထောက်ခံ၍ ဖြစ်စေ၊ ကန့်ကွက်၍ ဖြစ်စေ ဆွေးနွေးပါ။ (၁၀ မှတ်)

(၁) ယောကျ်ားကလေးများသည် မိန်းကလေးများထက် မှတ်ဉာဏ်ပိုကောင်းကြသည်။

(၂) မိတ်ဆွေ အပေါင်းအသင်း များခြင်းသည် ပြဿနာများစေသည်။